**အမျိုးသားညီညွတ်ရေးအစိုးရ တစ်နှစ်ပြည့်အတွက်**
**လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး ဝန်ကြီးဌာန၏**
**အစီရင်ခံစာ**

၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၆ ရက်

**နိဒါန်း**

၁။ လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာနသည် လူသားချင်းစာနာကူညီမှုလုပ်ငန်းများကို ချမှတ်ထားသည့် မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၁ခုနှစ်၊ ဧပြီလ (၁၆)ရက်မှ ၂၀၂၂ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့ အထိ တစ်နှစ်တာ ကာလအတွင်း အောက်ဖော်ပြပါ လူသားချင်းစာနာမှု အကူအညီပေးရေးလုပ်ငန်းများအတွက် **ရန်ပုံငွေ ကျပ် (၂.၇၃) ဘီလီယံ ခန့်** သုံးစွဲဆောင်ရွက်နိုင်ခဲ့ပါသည်-

| စဉ် | အကြောင်းအရာ | ငွေကျပ်သန်းပေါင်း |
|---|---|---|
| ၁ | နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်သူများနှင့် စစ်ဘေးရှောင်ပြည်သူများ | ၁၃၃၄.၂၀ |
| ၂ | တိုက်ပွဲရှောင်ပြည်သူများနှင့် တိုက်ပွဲဝင်ပြည်သူများအတွက် စားနပ်ရိက္ခာ ကြိုတင်စီစဉ်ခြင်း | ၈၀၃.၉၀ |
| ၃ | စစ်ကောင်စီ၏ အကြမ်းဖက်မှုများကြောင့် ထိခိုက်/ကျဆုံးရသော ပြည်သူများ၏ မိသားစုများ | ၁၁၃.၇၂ |
| ၄ | အကြမ်းမဖက် အာဏာဖီဆန်ရေးတွင် ပါဝင်နေသော CDM ပြည်သူ့ဝန်ထမ်းများ | ၂၂၈.၉၉ |
| ၅ | ထိခိုက်လွယ် ပြည်သူများနှင့် ၄င်းတို့၏ မိသားစုများ | ၈၂.၃၉ |
| ၆ | အကျဉ်းသားများနှင့် ၄င်းတို့၏ မိသားစုများ | ၄၄.၂၅ |
| ၇ | သဘာဝဘေးအန္တရာယ် ထိခိုက်ခံစားရသူများ | ၁၀.၆၂ |
| ၈ | အထွေထွေ လူသားချင်းစာနာမှု အကူအညီများ | ၁၁၃.၄၉ |

၂။ ထောက်ပံ့မှုစုစုပေါင်းအနက် စစ်ဘေးရှောင်ပြည်သူများအတွက် ထောက်ပံ့မှုမှာ ရန်ပုံငွေစုစုပေါင်း၏ ထက်ဝက်ခန့်ရှိပြီး အများဆုံး ဖြစ်သည်။ ၂၀၂၂ခုနှစ်၊ ဧပြီလ (၆)ရက်နေ့တွင် ထုတ်ပြန်သည့် ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ အစီရင်ခံစာအရ စစ်အာဏာသိမ်းမှု နောက်ပိုင်း မြန်မာနိုင်ငံတွင် စစ်ဘေးရှောင်ပြည်သူ စုစုပေါင်း (၅)သိန်းကျော်

ရှိလာပြီဖြစ်ရာ ဝန်ကြီးဌာနအနေဖြင့် စစ်ဘေးရှောင် ပြည်သူပျမ်းမျှ (၁)သိန်းခန့်ထံသို့ လစဉ် ထောက်ပံ့ပေး လျက်ရှိသဖြင့် လွှမ်းခြုံနိုင်မှု ရာခိုင်နှုန်းအားဖြင့် ၂၀% ခန့်ရှိပါသည်။

**ဒေသအလိုက်ထောက်ပံ့ပေးမှုများ**

၃။ လိုအပ်ချက်အပေါ်မူတည်၍ ဒေသအလိုက် ထောက်ပံ့မှုများမှာ အောက်ပါအတိုင်းဖြစ်ပြီး ထောက်ပံ့ပေးပို့မှုအများဆုံး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှာ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ကရင်နီပြည်နယ်၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့ ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ငွေကျပ်သန်းပေါင်း |
|---|---|---|
| ၁ | ကရင်ပြည်နယ် | ၆၁၅.၈၀ |
| ၂ | စစ်ကိုင်း တိုင်း | ၄၁၁.၉၈ |
| ၃ | ကရင်နီ ပြည်နယ် | ၂၈၁.၂၅ |
| ၄ | ချင်းပြည်နယ် | ၂၂၀.၆၁ |
| ၅ | ရှမ်းပြည်နယ် | ၁၄၀.၇၇ |
| ၆ | မကွေးတိုင်း | ၁၁၄.၄၆ |
| ၇ | ရန်ကုန်တိုင်း | ၉၈.၆၅ |
| ၈ | တနင်္သာရီတိုင်း | ၉၇. ၆၀ |
| ၉ | ပဲခူးတိုင်း | ၉၂.၄၆ |
| ၁၀ | ကချင်ပြည်နယ် | ၈၃.၀၀ |
| ၁၁ | မန္တလေးတိုင်း | ၈၁.၅၂ |
| ၁၂ | မွန်ပြည်နယ် | ၈၁.၂၂ |
| ၁၃ | ဧရာဝတီတိုင်း | ၅၃.၈၅ |
| ၁၄ | နေပြည်တော် | ၄၉.၁၀ |
| ၁၅ | ရခိုင်ပြည်နယ် | ၀.၁၀ |
| ၁၆ | နိုင်ငံတဝှမ်းမှအရေးပေါ်လူသားချင်းစာနာမှုအကူအညီများ | ၃၀၉.၁၉ |

၄။ လူသားချင်းစာနာကူညီမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ၊ ပြည်သူ့အုပ်ချုပ်ရေးနှင့် ပြည်သူ့ကာကွယ်ရေး အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဒေသအလိုက် လွှတ်တော်ကိုယ်စားလှယ်များနှင့် အခြားအရပ်ဘက်များ အဖွဲ့အစည်းအသီးသီးနှင့် စေတနာ့ဝန်ထမ်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် လူသားချင်းစာနာကူညီထောက်ပံ့မှုများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ဝန်ကြီးဌာနအနေဖြင့် ထောက်ပံ့ကူညီမှုလုပ်ငန်းများကို ဝန်ကြီးဌာနမှ ဝန်ထမ်းများဖြင့် မြေပြင်အထိ တိုက်ရိုက် ထောက်ပံ့မှုများ ဆောင်ရွက်ပေးနေခြင်းဖြစ်ပါသည်။

## ပြည်တွင်း/ပြည်ပမှ လှူဒါန်းမှုများ

၅။ ထောက်ပံ့ကူညီမှုများအတွက် ရန်ပုံငွေသည် အဓိကအားဖြင့် ပြည်သူမှ ပြည်သူသို့ လှူဒါန်းမှုများဖြစ်ပြီး နိုင်ငံတကာမှ တသီးပုဂ္ဂလ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်အချို့လည်း အနည်းငယ်သော ပမာဏဖြင့် ပါဝင်ပါသည်။ လက်ရှိအချိန်အထိ ကုလသမဂ္ဂနှင့် နိုင်ငံတကာ လူသားချင်းစာနာမှု အဖွဲ့အစည်းများထံမှ ထောက်ပံ့မှု လုံးဝ မရရှိခဲ့ဟု သတ်မှတ်နိုင်ပါသည်။ အစီရင်ခံတင်ပြချိန်အထိ အများဆုံးလှူဒါန်းခဲ့ကြသည့် နိုင်ငံများမှာ ကိုရီးယားနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့ ဖြစ်ပါသည်။ နိုင်ငံအလိုက်လှူဒါန်းမှုများကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်-



**အခြားသော ဆောင်ရွက်ချက်များ**

၆။ ထို့အပြင် အစိုးရသက်တမ်း(၁)နှစ်တာကာလအတွင်း ဝန်ကြီးဌာန၏ အဓိက လုပ်ငန်းစဉ်များတွင် ပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) အကြမ်းမဖက်အာဏာဖီဆန်မှုတွင် ပါဝင်ကြသော CDM ဝန်ထမ်းများအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှု အစီအစဉ်များ ဆောင်ရွက်ပေးခြင်း၊ CDM ဝန်ထမ်းများ၏ ကလေးများအတွက် မူကြိုဖွင့်လှစ်ပေးခြင်း

(ခ) ပြည်သူများအတွက် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု ဆောင်ရွက်ပေးခြင်း

- **Mind healer** စိတ်ခွန်အားပေးသူများ **Facebook** စာမျက်နှာမှ အကူ အညီလိုအပ်သူများအား ဆွေးနွေးပေးခြင်းဖြင့် ပြည်သူများ ခံစား နေရသော စိတ်သောကများအား နှစ်သိမ့်ဆွေးနွေး အကြံပေးခြင်းဖြင့် လျော့ပါးသက်သာစေခြင်း
- အဖွဲ့လိုက် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးပေးခြင်း (ဥပမာ PDFတပ်ဖွဲ့ဝင်များနှင့် စစ်ဘေးရှောင်များ)
- တော်လှန်ရေးကာလ စိတ်လူမှုကျန်းမာရေးရာအဖြေရှာ အစီအစဉ်ကို အပတ်စဉ် ကြာသပတေးနေ့တိုင်း ထုတ်လွှင့်တင်ဆက်ခြင်း
- စိတ်လူမှုထောက်ပံ့ရေးအတွက် သင်တန်းများပို့ချခြင်း
- စိတ်ကျန်းမာရေးအတွက် တရားရှုမှတ်ခြင်း အစီအစဉ်

(ဂ) ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် ကာကွယ်ရေး အသိပညာပေး လုပ်ငန်းများ အနေဖြင့်

- ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး နှင့် ကာကွယ်ရေး အသိပညာပေး သင်တန်းများ ပြုလုပ်ခြင်း
- သဘာဝဘေးနှင့် လူလုပ်ဘေး နှစ်မျိုးစလုံးအတွက် ပြည်သူများကြား ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် ကာကွယ်ရေး အသိ ပညာပေး ပိုစတာများကို ကျယ်ပြန့်စွာ ရောက်ရှိစေရေး ဆောင်ရွက်ခဲ့ခြင်း
- အပြည်ပြည်ဆိုင်ရာ ဘေးအန္တရာယ် ဆုံးရှုံးထိခိုက်နိုင်ခြေ လျှော့ချရေးအနေ့အထိမ်းအမှတ် အခမ်းအနား ကျင်းပခြင်း

- အပတ်စဉ်နှင့် အရေးပေါ် မိုးလေဝသခန့်မှန်းချက် ထုတ်ပြန်ခြင်း
- **Covid 19** ကူးစက်မြန်ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း

၇။ ဝန်ကြီးဌာန၏လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက်နှင့် လိုအပ်သည့် ရန်ပုံငွေတိုးပွားစေရန် ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ၊ အခြားဆက်စပ်ဝန်ကြီးဌာနများ၊ ကော်မတီများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။ တစ်နှစ်တာအတွင်း နိုင်ငံတကာ အဖွဲ့အစည်းများနှင့် တွေ့ဆုံမှု (၆၂)ကြိမ်ရှိခဲ့ပြီး ပြည်တွင်း အဖွဲ့အစည်းများနှင့် တွေ့ဆုံမှု စုစုပေါင်း(၇၄)ကြိမ် ရှိခဲ့ပါသည်။ ဝန်ကြီးဌာနအနေဖြင့် ကော်မရှင်နှင့် ကော်မတီ (၁၀)ခုတွင် ပါဝင်၍ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်လျက်ရှိပါသည်။

## ကြုံတွေ့ရသည့်အခက်အခဲနှင့် စိန်ခေါ်မှုများ

၈။ လူသားချင်းစာနာကူညီမှုလုပ်ငန်းများဆောင်ရွက်ရာတွင် အဓိကရင်ဆိုင်ရသည့် စိန်ခေါ်မှုနှင့် အခက်အခဲများမှာ ငွေကြေးစီးဆင်းမှု၊ လူ့စွမ်းအားအရင်းအမြစ် ရှားပါးမှု၊ တော်လှန်ရေးလုပ်ငန်းများအတွက် တိုက်ရိုက်ပံ့ပိုးမှုများ ပိုမိုဆောင်ရွက်လာကြခြင်းကြောင့် လှူဒါန်းမှုများ နည်းပါးလာခြင်း၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကြောင့် လူသားချင်းစာနာမှုအကူအညီများအတွက် ရန်ပုံငွေ ရရှိမှုတွင် ကန့်သတ်ချက်များစွာ ရှိနေခြင်းတို့ ဖြစ်ပါသည်။

## ရှေ့လုပ်ငန်းစဉ်များ

၉။ ရှေ့ဆက်လုပ်ငန်းစဉ်များအနေဖြင့် ဝန်ကြီးဌာန၏ ချမှတ်ထားသော မူဝါဒများနှင့်အညီ လုပ်ငန်းတာဝန်များကို ဆက်လက် အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။ ထို့အပြင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စစ်အာဏာသိမ်းမှုကြောင့် ဆိုးကျိုးသက်ရောက်မှုများနှင့် ဘေးသင့်ပြည်သူများ၏ လိုအပ်ချက်များကို ဆန်းစစ်လေ့လာခြင်း၊ ထိခိုက်ဆုံးရှုံးမှုများနှင့် ဒေသအလိုက် လိုအပ်ချက်များအပေါ်မူတည်၍ ပြန်လည်ထူထောင်ရေးစီမံချက်များ ရေးဆွဲ အကောင်အထည်ဖော်ခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ တိုင်းရင်းသားမဟာမိတ်အဖွဲ့အစည်းများနှင့် လူသားချင်းစာနာကူညီရေး ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အခြားသော မဟာမိတ်ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များ ပိုမိုတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ထောက်ပံ့မှုများရရှိရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များအတွက်လည်း ဆက်လက်

တိုးမြှင့် လုပ်ဆောင်လျက်ရှိပါသည်။ ထို့အပြင် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီနှင့် အမျိုးသား ညီညွတ်ရေးအစိုးရတို့က အကောင်အထည်ဖော်မည့် လူသားချင်းစာနာကူညီမှုလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းဆောင် ရွက်လျက်ရှိပါသည်။ နိုင်ငံတကာနှင့် ပုဂ္ဂလိက အလှူရှင်များက ပိုမို လက်လှမ်းမီနိုင်စေရန် အတွက် ဝန်ကြီးဌာန၏ website မှတဆင့် လွယ်ကူစွာ လှူဒါန်းနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိ ပါသည်။

မှတ်ချက်။ *ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များ၊ ကြေညာချက်များနှင့် အစီရင်ခံစာများကို ဝန်ကြီးဌာန* **website** https://mohadm.nugmyanmar.org ၊

**Facebook***စာမျက်နှာ* https://www.facebook.com/mohadmNUG/

**Twitter** https://twitter.com/mohadmNUG *တွင် ဝင်ရောက် ဖတ်ရှု ရယူနိုင်ပါသည်။*